**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဧပြီလ ၄ရက်၊ ၂၀၂၃ခုနှစ် / KHRG စာအမှတ် – 23-59-I1

# ခလယ်လွီထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ – မူးမြို့နယ်တွင် SAC လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ကလေးတစ်ဦးသေဆုံး (၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခလယ်လွီထူ (ညောင်လေးပင်)ခရိုင်၊ မူး (မုန်း) မြို့နယ်တွင် ဖြစ်ပွားခဲ့သည့်အဖြစ်အပျက်များကို ဖော်ပြထားသည်။ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့ ည (၈)နာရီခန့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများသည် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ဟ---ကျေးရွာတွင်းသို့ လက်နက်ကြီးများရမ်းသန်းပစ်ခတ်ခဲ့၍ လက်နက်ကြီးတစ်လုံးသည် (၇)နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို ထိမှန်၍ ထိုနေရာတွင် သေဆုံးခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ထိုမိန်းကလေးငယ်၏ အဘိုးအိမ်တွင်ကျပြီးပေါက်ကွဲသွား၍ သူမအား ထိမှန်ခဲ့ခြင်းဖြစ်သည်။ လက်နက်ကြီးပစ်ခတ်ပြီးနောက်တွင် တစ်ချို့ရွာသားများသည် လက်နက်ကြီးပစ်ခတ်မှုများထပ်ဖြစ်ပွားလာမည်ကိုကြောက်၍ ၎င်းတို့၏လယ်ယာခင်းသို့သော်လည်းကောင်း အခြားမြို့သို့သော်လည်းကောင်း ထွက်ပြေးတိမ်းရှောင်ခဲ့သည်။*[1]

## အပိုင်း ၁ – မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | SAC လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် မိန်းကလေးတစ်ဦးအား ထိမှန်၍သေဆုံးခဲ့ခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ခလယ်လွီထူ (ညောင်လေးပင်)ခရိုင်၊ မူး (မုန်း)မြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ဟ--- ကျေးရွာ |

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ခလယ်လွီထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| **အမည်** | မတ--- |
| **အသက်** | ၇နှစ် |
| **ကျား/မ** | မ |
| **လူမျိုး** | ဗမာ |
| **မိသားစုရှိ/မရှိ** | မရှိ |
| **အလုပ်အကိုင်** | မှီခို |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | ခလယ်လွှီထူခရိုင်၊ မူးမြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ဟ---ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိ | မသိ | ခြေမြန်တပ်ရင်း (ခမရ)အမှတ် (၅၉၀) | မူးမြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ရေအိုးစင်တပ်စခန်း | မသိ |

# အဆင့် ၂– သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၉ရက်နေ့တွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးတစ်ဦးအား ထိမှန်ခဲ့သည့်ဖြစ်စဉ်ကို တွေ့မြင်ခဲ့သည့်ရွာသားတစ်ဦးမှ KHRG သတင်းစုဆောင်းသူတစ်ဦးအား ပြောပြခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာများနှင့်ပတ်သတ်၍ KHRG သတင်းစုဆောင်းသူတစ်ဦးသည် ထိုဖြစ်စဉ်ကိုမြင်တွေ့ခဲ့သည့် ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ |

# အဆင့် ၃– အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့တွင် (ခလယ်လွီထူခရိုင်) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်ဖွဲ့ (KNLA) တပ်ရင်းအမှတ် (၈) သည် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ဟ---ကျေးရွာတွင် အခြေစိုက်သည့် SAC စစ်သားများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ (ဒီဇင်ဘာလ ၂၆ရက်နေ့) ည (၈)နာရီခန့်တွင် ဟ---ရွာမှ SAC စစ်သားများနှင့် ရေအိုးစင်တပ်စခန်းတွင်အခြေစိုက်သည့် ခမရ (၅၉၀)တို့သည် ဟ---ကျေးရွာတွင်းသို့ လက်နက်ကြီးများ ရမ်းသန်းပစ်ခတ်ခဲ့ပြီး ကျေးရွာရှိ မူကြိုကျောင်းတစ်လုံးပျက်စီးခဲ့သည်။ တစ်ချို့သောလက်နက်ကြီးများသည် စောမ---(ရွာသား)၏အိမ်အနားနှင့် မြစ်ချောင်းကမ်းဘေးတွင်လည်း ကျရောက်ပြီး ပေါက်ကွဲခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ဦးအ---၏ (အခြားရွာသားတစ်ဦး) အိမ်ပေါ်သို့ကျရောက်ပြီးပေါက်ကွဲသွား၍ သူ၏မြေးလေးဖြစ်သူ အသက် (၇)နှစ်အရွယ် မတ---အား ထိမှန်ခဲ့သည်။ မတ---၏လည်ပင်းတွင် လက်နက်ကြီးအပိုင်းအစထိမှန်၍ ချက်ချင်းသေဆုံးခဲ့သည်။ မတ---သည် သူမ၏အဘိုးဖြစ်သူနှင့် အတူတူနေထိုင်ရသည်။ အကြောင်းရင်းမှာ သူမ၏မိဘသည် အခြားနေရာတွင် သွား၍အလုပ်လုပ်နေရခြင်းကြောင့်ဖြစ်သည်။




၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်နေ့တွင် KHRG မှ ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ဖောဖီးဒဲကျေးရွာအုပ်စု၊ ဟ---ကျေးရွာရှိ ဒေသခံခေါင်းဆောင်တစ်ဦးထံမှ ဤပုံများကို လက်ခံရရှိခဲ့သည်။ လက်ဝဲပုံတွင် လက်နက်ကြီးထိမှန်ပြီး အသက်သေဆုံးခဲ့သည့် မတ---၏ရုပ်အလောင်းဖြစ်သည်။ လက်ယာပုံတွင် မတ---မသေဆုံးခင် အသက်ရှင်နေစဉ်ကာလအတွင်း သူမ၏ပုံဖြစ်သည်။ *(ဓာတ်ပုံ– ဒေသခံရွာသား)*

(အထက်တွင်ဖော်ပြထားသည့်အတိုင်း ပစ်ခတ်တိုက်ခိုက်မှုနှင့် လက်နက်ကြီးရမ်းသန်းပစ်ခတ်မှုများကြောင့်) ဒေသခံရွာသားများသည် အလွန်ကြောက်ရွံ့ကြ၍ ၎င်းတို့၏နေအိမ်တွင်သာ ပုန်းအောင်းနေခဲ့သည်။ လက်နက်ကြီးများပစ်ခတ်ပြီးနောက်တွင် တစ်ချို့ရွာသားများသည် မြို့သို့သွား၍ ပုန်းရှောင်ခဲ့သည်။ အချို့ရွာသားများလည်း ၎င်းတို့၏လယ်ခင်းတောထဲသို့သော်လည်းကောင်း၊ တောထဲသို့သော်လည်းကောင်း ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အချို့ရွာသားများမှာမူ လုံခြုံရေးအတွက် ၎င်းတို့၏နေအိမ်အောက်တွင် ဗုံးခိုကျင်းများတူးထားကြပါသည်။

## အဆင့် ၄– ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

သတင်းပေးပို့သောရွာသားတစ်ဦးနှင့် မတ–––၏မိသားစုဝင်သည် ဤသတင်းအကြောင်းအရာများအား ရေးသားဖြန့်ဝေရန် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်